# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၁၄(ဂ)၊ ၁၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက် ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁၆-၁၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၅/၂၀၂၂)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန (၃)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေးအဆိုပြုချက် (၃)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၄၃)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန<br>- ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး | (၂)ဦး | ၄-၁၁-၂၀၂၂ | ၉-၁၁-၂၀၂၂ | ၁၁-၁၁-၂၀၂၂ | ၁၆-၁၁-၂၀၂၂<br>(၄၅/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့်ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန(ဆည်မြောင်း) | (၄၀)ဦး | ၂၇-၁၀-၂၀၂၂ | ၂-၁၁-၂၀၂၂ | ၁၀-၁၁-၂၀၂၂ | ၁၆-၁၁-၂၀၂၂<br>(၄၅/၂၀၂၂) |
| ၃။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန<br>- အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | (၁)ဦး | ၂၈-၁၀-၂၀၂၂ | ၉-၁၁-၂၀၂၂ | ၁၁-၁၁-၂၀၂၂ | ၁၆-၁၁-၂၀၂၂<br>(၄၅/၂၀၂၂) |